အို - ကလေးငယ် ငါတမန်တော် သင့်အား

အချို့သောစကားရပ်များကို သင်ပေးတော်မူမည်။

သင်အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို(လိုက်နာပြီး) ထိန်းသိမ်းပါလေ။ အရှင်မြတ်သည်

သင့်အားထိန်းသိမ်းစောင့်ရှောက်တော်မူမည်။ထို့ပြင်အသင်အလ္လာဟ်အရှင်မြတ်၏အမိန့်တော်များကို(လိုက်နာပြီး) ထိန်းသိမ်းပါလေ။ အသင် အလ္လာဟ်အရှင်မြတ်ကိုအသင့်ရှေ့‌တွင် တွေ့ရှိရပေမည်။ သင်တောင်းခံမည်ဆိုပါကအလ္လာဟ်အရှင်မြတ်ထံတော်တွင်သာ တောင်းခံပါ။

သင်အကူအညီတောင်းမည်ဆိုပါကလည်း

အလ္လာဟ်အရှင်မြတ်ထံတော်တွင်သာ အကူအညီတောင်းခံပါ။

အဘူလ်အဗ္ဗားစ် အဗ်ဒုလ္လာဟ် ဗင်န် အဗ္ဗားစ် (ရဿွိယလ္လာဟုအန်ဟု)က
ဆင့်ပြန်ပြောကြားခဲ့သည်။ တစ်ရက်တွင်ကျွန်ုပ်သည်တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏ နောက်ဘက်မှအစီးအနင်း
လိုက်ပါစီးနင်းခဲ့ရာကိုယ်တော်က မိန့်ကြား‌တော်မူသည်။ " အို - ကလေးငယ် ငါတမန်တော်သင့်အား အချို့သောစကားရပ်များကို သင်ပေးတော်မူမည်။ သင်အလ္လာဟ်အရှင်မြတ်၏အမိန့်တော်များကို(လိုက်နာပြီး) ထိန်းသိမ်းပါလေ။ အရှင်မြတ်သည်
သင့်အားထိန်းသိမ်းစောင့်ရှောက်တော်မူမည်။ထို့ပြင်အသင်အလ္လာဟ်အရှင်မြတ်၏အမိန့်တော်များကို(လိုက်နာပြီး) ထိန်းသိမ်းပါလေ။အသင် အလ္လာဟ်အရှင်မြတ်ကို အသင့်ရှေ့‌တွင် တွေ့ရှိရပေမည်။ သင်တောင်းခံမည်ဆိုပါကအလ္လာဟ်အရှင်မြတ်ထံတော်တွင်သာ တောင်းခံပါ။ သင်အကူအညီတောင်းမည်ဆိုပါကလည်း
အလ္လာဟ်အရှင်မြတ်ထံတော်တွင်သာ အကူအညီတောင်းခံပါ။ အသင်ကောင်းစွာ မှတ်သားပါ။
အကယ်၍ လူသားထုတစ်ရပ်လုံး သင့်အား တစ်စုံတစ်ရာ အကျိုးပြုရန် စုရုံးခဲ့ကြလျှင်လည်းအလ္လာဟ်အရှင်မြတ်က သင့်အတွက် သတ်မှတ်ထားသောအရာမှအပ အခြားမည်သည့် အကျိုးကိုမျှပြုနိုင်ကြမည်မဟုတ်ပေ။ အကယ်၍ လူသားထုတစ်ရပ်လုံး သင့်အား တစ်စုံတစ်ရာ
ဆိုးကျိုးပြုရန် စုရုံးခဲ့ကြလျှင်လည်း အလ္လာဟ်အရှင်မြတ်က သင့်အတွက်
သတ်မှတ်ထားသောအရာမှအပ အခြားမည်သည့်ဆိုးကျိုးကိုမျှ ပေးနိုင်ကြမည်မဟုတ်ပေ။
(သက္ကဒီရ်အား ရေးမှတ်သည့်) ကလောင်တံများလည်း မယူခြင်းခံလိုက်ရပြီး (ရေးမှတ်ထားသည့်) မှတ်တမ်းများလည်း ခြောက်သွေ့သွားပြီ ဖြစ်သည်"။ ထိုနည်းတူ အခြား (သိရ်မီဇီကျမ်းအပြင်) ဆင့်ပြန်ချက်တစ်ခုတွင်- "အသင်သည် အလ္လာဟ်အရှင်မြတ် (
ချမှတ်ထားသည့် စည်းမျဉ်းများကို) စောင့်ထိန်းလိုက်နာပါ။ (ထိုသို့ပြုလျှင်)
အသင်သည် အရှင်မြတ်အား မိမိ၏ရှေ့တွင် (ကူညီစောင်မတော်မူသည်ကို) တွေ့ရှိရလိမ့်မည်။

[صحيح] [رواه الترمذي وغيره]

လွတ်မြောက်ခြင်းသည် ရောက်ရှိလာမည်ဖြစ်ပြီး၊ ခက်ခဲမှုဖြစ်ပေါ်လာပါကအလ္လာဟ်အရှင်မြတ်သည် ယင်း၏နောက်တွင် လွယ်ကူမှုကို ဖြစ်ပေါ်စေတော်မူမည်ဖြစ်သည်။

https://sunnah.global/hadeeth/my/show/66522

